# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

(သောကြာနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ်အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၄၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၅.၉၁) ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊

နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့(၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါ့မယ်။

ဦးမြအုန်း၊ကချင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးငွေမောင်၊ မန္တလေး(၁၂)၊ မိသားစုကိစ္စ။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ဆွေမျိုးနာရေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ မိသားစုကျန်းမာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ငွေ၊ မန္တလေး(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ပြည်ပခရီးစဉ်။ ဦးစိုင်းသန့်ဇင်၊ရှမ်း(၄)၊ ကိုယ်ရေးကိုယ်တာ။ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ ကယား(၂)၊ ကျန်းမာရေး။ ဗိုလ်မှူးဝင်းကျော်ကျော်၊ တပ်မတော်၊ တာဝန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ပြည်ပခရီးစဉ်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ တောင်ငူမီးဘေးကယ်ဆယ်ရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ပြည်ပခရီးစဉ်။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆန်းရယ်၊ ကယား(၅)၊ မိသားစုကိစ္စ။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ပြည်ပခရီးစဉ်။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ရှန်၊ တနင်္သာရီ(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာငွေးနိုင်၊ ဧရာဝတီ(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာ ခင်မောင်လေး၊ ပဲခူး(၈)၊ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သူဦး၊ မကွေး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်ဝင်း၊ မကွေး(၈)၊ ဖွံ့ဖြိုးရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ဖွံ့ဖြိုးရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေး။ ဦးဌေ့ယိန်း၊ ချင်း(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနှင်းဝေ၊

ကယား(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကျန်းမာရေး။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅၆)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၇၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းတဲ့မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက

သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် အဆင့်မြင့်ဆေးရုံကြီး တစ်ရုံ ဆောက်လုပ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစိုးဟန်လင်းက ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် အဆင့်မြင့်ဆေးရုံကြီးတစ်ရုံ ဆောက်လုပ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစိုးဟန်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယ ဝန်ကြီးများ၊ ကြွရောက်လာသောဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဟန်လင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် အဆင့်မြင့် ဆေးရုံးကြီးတစ်ရုံ တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး၊ အနည်းငယ်တင်ပြခွင့် ပြုပါ။ ဘာကြောင့် ဒီမေးခွန်းကို မေးရပါသလဲဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဧရာဝတီတိုင်းဒေသကြီး မြို့တော်ဟာ ပုသိမ်မြို့ဖြစ်ပါတယ်။ ဒီပုသိမ်မြို့နဲ့ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့် မြို့နယ်၊ ငွေဆောင်မြို့နယ်ခွဲ၊ ငွေသောင်ယံမြို့နယ်ခွဲများနဲ့ ထိစပ်လျက်ရှိတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ပုသိမ်မြို့နယ်မှာ လူဦးရေအားဖြင့် (၄)သိန်းနီးပါးခန့် နေထိုင်ကြပြီး၊ ပုသိမ်မြို့နယ်မှာ ယခုလက်ရှိ ခုတင်(၂၀၀)ဆံ့ဆေးရုံ(၁)ရုံ၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်နဲ့ ကန်ကြီးထောင့်မြို့နယ်များမှာတော့ (၂၅)ခုတင်ဆံ့ ဆေးရုံ(၁)ရုံစီသာ ရှိပါတယ်။ အချို့လူနာများဟာ ပုသိမ်မြို့ရှိ ခုတင်(၂၀၀)ဆံ့ဆေးရုံကို အထွေထွေရောဂါကုဆေးရုံကြီးကိုသာလျှင် အားကိုးအားထားပြုပြီး ဆေးကုသမှုကို ခံယူလျက်ရှိပါတယ်။

ဒီပုသိမ်မြို့နယ် ဆေးရုံကြီးကို အားကိုးရတဲ့အကြောင်းကလည်း ကျွန်တော်တို့ ဒီဧရာဝတီတိုင်း အတွင်းမှာ တောင်သူလယ်သမား၊ ရေလုပ်သားများနဲ့ အလုပ်သမား အများဆုံးရှိတဲ့ တိုင်းမြို့ကြီး တစ်မြို့လည်း ဖြစ်ပါတယ်။ သဘာဝဘေးရန် အန္တရာယ်ဖြစ်တဲ့ နာဂစ်လို မုန်တိုင်းမျိုးစသည့် ဘေးရန် အန္တရာယ် အမျိုးမျိုးကိုလည်း နှစ်စဉ်နဲ့အမျှ အနည်း နဲ့ အများ ဆိုသလို ခံစားနေရတဲ့အတွက် ဒီ ရာသီဥတုရဲ့ သဘာဝဘေးရန် အန္တရာယ်ကြောင့် ဒီရောဂါဝေဒနာခံစားမှုကလည်း ပိုမိုများပြားလာတာ ကိုလည်း တွေ့နေရပါတယ်။ အဲဒီတော့ ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးဟာ ဒီ ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက်၊ ကျွန်တော်တို့ မင်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းထောင့်မှာ ရှိပြီးတော့ ဧရိယာအားဖြင့် (၁၄.၆၆)ဧက ကျယ်ဝန်းပါတယ်။ ၁၈၈၅ ခုနှစ်မှာ ခုတင်(၁၅၀)ဆံ့ဆေးရုံကြီး အဖြစ်နဲ့ စတင်ဖွင့်လှစ်ခဲ့ ပြီးတော့ ၁၉၆၂ ခုနှစ်မှာတော့ နှစ်ထပ်ဆောင်(၃)ဆောင်ကို ထပ်မံဆောက်လုပ်ခဲ့ပြီး၊ ၁၉၆၄ ခုနှစ်မှာ ခုတင်(၂၀၀)ဆံ့ တိုင်းဆေးရုံအဖြစ် အဆင့်တိုးမြှင့်ခဲ့ပါတယ်။ ၁၉၈၂ ခုနှစ် နှစ်ထပ်ဆောင် (၁)ဆောင်နဲ့ ၁၉၉၀ ခုနှစ်မှာ နှစ်ထပ်ဆောင်(၁)ဆောင် ထပ်မံဆောက်လုပ်ခဲ့ပြီး၊ ၁၉၉၁ ခုနှစ်မှာတော့ ခုတင်(၂၅၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပြီးတော့ ပေးခဲ့ပါတယ်။

ဒါပေမယ်လို့ ဒီဆေးရုံကြီးရဲ့ နှစ်ပေါင်းကြာလာပြီး၊ ပျက်စီးယိုယွင်းလာတာကြောင့် လူနာများကိုထားရှိတဲ့အခါမှာ ကျပ်တည်းပြီးတော့ နေရာထိုင်ခင်းက ဒီဝရုံတာတွေက အစထုတ်ပြီးတော့ ထားနေရတဲ့အခြေအနေ ဖြစ်လာတဲ့အခါကျတော့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှာတော့ ကျွန်တော်တို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ် ပြန်လည်သတ်မှတ်ပြီးတော့ အထွေထွေရောဂါကုဆေးရုံကြီးအဖြစ် ပြန်လည်သတ်မှတ်ခဲ့ရပါတယ်။ ဒါအပြင် ဒီပုသိမ်အထွေထွေရောဂါကုဆေးရုံကြီးမှာလည်း ဆေးရုံရဲ့ဖွဲ့စည်းပုံအရ အထူးကုဌာနပေါင်း (၁၈)ခုရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီဌာန(၁၈)ခုဟာ အပြည့်အစုံမရှိဘဲနဲ့ ဌာန(၁၅)ခုမှာသာ အထူးကုဆရာဝန်ကြီးများ ရှိနေကြောင်းကိုလည်း ယနေ့တိုင်တွေ့ရှိနေရပါတယ်။

အထူးကုဆရာဝန်ကြီးများ လိုအပ်သောဌာနတွေကတော့ စိတ်ကျန်းမာရေးဌာန၊ ဦးနှောက်နဲ့ အာရုံကြောဆေးကုဌာန၊ ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်ဌာနများ ဖြစ်ပြီးတော့၊ ကင်ဆာရောဂါဆေးပညာဌာနနဲ့ အရေပြားရောဂါပညာဌာနတို့ကလည်း သီးသန့်ဌာနကြီးတစ်ခုအဖြစ်နဲ့ ဖွင့်လှစ်နိုင်ခြင်း ယနေ့တိုင်မရှိသေးပါဘူး။ ဘာသာရပ်အထူးကု ဆရာဝန်ကြီး တစ်ဦးစီကိုသာ ခန့်ထားတာဝန်ထမ်းဆောင်နေကြခြင်း ဖြစ်ပါတယ်။ လက်ရှိအထူးကုဌာနအားလုံးမှာ ဗဟိုအဆင့်ဆေးရုံကြီးများကဲ့သို့ ခေတ်မီ Centre/ Facility များ၊ လုံလောက်သော အထူးကုဆရာဝန်ကြီးများနဲ့ မရှိတဲ့အတွက်ကြောင့်မို့လို့ အကြီးစားခွဲစိတ်ကုသမှုများအား အလုံးစုံဆောင်ရွက်ပေးနိုင်ခြင်း မရှိဖြစ်နေတဲ့အတွက် အချို့လူနာအများစုဟာ ရန်ကုန်သို့ သွားရောက်ပြီးတော့ ဆေးကုသမှုခံယူစေလျက် ရှိပါတယ်။ ရန်ကုန်နဲ့ သွားရောက်ကုသတဲ့အခါမှာ ငွေကြေးတတ်နိုင်သော သူများအဖို့ကတော့ အရေးမကြီးပေမယ့် ငွေကြေးမတတ်နိုင်တဲ့ ဒီတောင်သူလယ်သမား၊ အလုပ်သမားနဲ့ ဆင်းရဲသားလူတန်းစားများ အဖို့မှာကတော့ ဒီ သွားဖို့စရိတ်၊ နေဖို့ထိုင်ဖို့ ရန်ကုန်သွားဖို့စတဲ့ လူနာစောင့်ဖို့အစ အလုပ်အပျက်ခံပြီးသွားဖို့ စားဝတ်နေရေးကိစ္စ အရပ်ရပ်ဟာ အင်မတန် ခက်ခဲမှုရှိနေပါတယ်။

ဒါကြောင့် ပုသိမ်မြို့ပေါ်လို ဆေးရုံကြီးများရှိရင်တော့ သွားရေး၊ လာရေးမှာ အဆင်ပြေတယ်။ ဆွေနီးမျိုးစပ်အိမ်တွေမှာ တည်းလို့ရတယ်။ မိတ်ဆွေသင်္ဂဟ တစ်တိုင်းတည်းဖြစ်တဲ့အခါကျတော့၊ မြို့ချင်းနီးစပ်တဲ့ အခါကျတော့ လူနာစောင့်စသည်ဖြင့် အလုပ်အကိုင်မပျက်၊ စားဝတ်နေရေးမပျက် ဒီဆေးကုသမှုကိုခံယူနိုင်ခွင့်ရမှာ ဖြစ်ပါတယ်။ ဒီပုသိမ်မြို့မှာ  အခု ခုတင်(၂၀၀)ဆံ့ဆေးရုံမှာ (၅)နှစ်အတွင်း နေ့စဉ်ဆေးရုံတက်ရောက်ကုသမှုများကို ပျမ်းမျှခြင်းအားဖြင့် နေ့စဉ်စာရင်းဇယားနဲ့ ဖော်ပြရမယ်ဆိုလို့ ရှိရင် ၂၀၀၈ ခုနှစ်မှာ အတွင်းလူနာပေါင်း (၁၉၈)ဦး၊ နေ့စဉ်ရှိပြီးတော့ အပြင်လူနာပေါင်းဟာ (၆၇)ဦး၊ စုစုပေါင်း (၂၆၅)ဦး ရှိခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်အတွင်းမှာတော့ အတွင်းလူနာအဖြစ်နဲ့ (၂၀၉)ဦး၊ အပြင်လူနာအဖြစ် (၇၈)ဦး၊ စုစုပေါင်း(၂၈၇)ဦး ရှိခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်၊ ပျမ်းမျှမှာတော့ အတွင်းလူနာ (၂၁၄)ဦး၊ အပြင်လူနာ (၈၆)ဦး၊ စုစုပေါင်း(၃၀၀)ဦး နေ့စဉ်လာရောက် ဆေးကုသမှု ခံယူလျက်ရှိကြပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းမှာတော့ အတွင်းလူနာပေါင်း(၂၀၆)ဦး၊ အပြင်လူနာ ပေါင်း(၉၁)ဦး၊ စုစုပေါင်း(၂၉၇)ဦးရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ အတွင်းလူနာအဖြစ် (၂၇၄)ဦး၊ အပြင်လူနာအဖြစ်(၁၁၉)ဦး၊ စုစုပေါင်း(၃၉၃)ဦး တိုးတက် များပြားလာပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ကျွန်တော်တို့ ဒီနောက်ဆုံးရခဲ့တဲ့ ပြီးခဲ့တဲ့ဟာအထိကတော့ အတွင်းလူနာပေါင်း (၃၀၁)ဦး ဖြစ်ပြီးတော့၊ အပြင်လူနာပေါင်းဟာ (၁၃၆)ဦး၊ စုစုပေါင်း(၄၃၇)ဦး နေ့စဉ် လာရောက်ဆေးရုံကို ဆေးကုသမှုခံယူနေကြကြောင်းကိုလည်း သိရှိရပါတယ်။

တစ်နှစ်ထက်တစ်နှစ် လူဦးရေ ပိုမိုများပြားလာပြီးတော့ ဆေးကုသမှုများကို ခံယူနေကြကြောင်းကိုလည်း တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့လို့ ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီးဟာ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးဆိုသော်လည်းပဲ နေ့စဉ်လူနာပေါင်း (၄၀၀)ဦးခန့်ကို လာရောက်ဆေးကုသမှု ခံယူနေရခြင်းဖြစ်တဲ့အပြင် ဆေးရုံမှာ ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ လုံလုံလောက်လောက်

ရှိဖို့အတွက်လည်း လိုအပ်လျက်ရှိနေပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့ကဲ့သို့ အထွေထွေရောဂါကုဆေးရုံကြီးများကို ကုသပေးနိုင်ဖို့ ဝေဒနာရှင်များနဲ့ ပြည်သူများက လိုလားတောင်းတလျက် ရှိကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီတောင်သူလယ်သမား၊ အလုပ်သမားနဲ့ ဧရာဝတီတိုင်းအတွင်းမှာ ရှိကြတဲ့ မိဘပြည်သူများဟာ၊ ဝေဒနာရှင်များဟာ အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်း၊ လူအင်အား ကုန်ခန်းခြင်းစသည် အခက်အခဲများစွာရှိပြီး ဒီအခက်အခဲများကို နည်းနိုင်သမျှ နည်းအောင် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ဖို့အတွက် ပုသိမ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးကို ကျွန်တော်တို့ အဆင့်မြင့်ဆေးရုံကြီး တစ်ရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း၊ ဒါမှမဟုတ် လက်ရှိဆေးရုံကြီးအပြင် အခြားအဆင့်မြင့် ဆေးရုံကြီး တစ်ရုံကို ထပ်မံဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနတို့က အများပြည်သူ ကျွန်တော်တို့ မိဘပြည်သူများ၏အကျိုးငှာ ကျွန်တော်မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဆေးဝါးကျွမ်းကျင်သင်တန်းများ၊ သူနာပြုအကူသင်တန်းများနှင့် International School များကို ကျန်းမာရေး ဝန်ကြီးဌာနနှင့်ပညာရေးဝန်ကြီးဌာနတို့မှ စံနှုန်းများ သတ်မှတ်စိစစ်ပြီး တိကျစွာ အရေးယူဆောင်ရွက်ခြင်း၊ ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်ခြင်းတို့ကိုဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ဆေးဝါးကျွမ်းကျင်သင်တန်းများ၊ သူနာပြုအကူသင်တန်းများနှင့် International School များကို ကျန်းမာရေး ဝန်ကြီးဌာနနှင့်ပညာရေးဝန်ကြီးဌာနတို့မှ စံနှုန်းများ သတ်မှတ်စိစစ်ပြီး တိကျစွာ အရေးယူဆောင်ရွက်ခြင်း၊ ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်ခြင်းတို့ကိုဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင် အဖွဲ့ဝင်ပညာရှင်ကြီးများနဲ့ ယနေ့အစည်းအဝေးကို ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့မေးမြန်းမယ့် မေးခွန်းကတော့ ဆေးဝါးကျွမ်းကျင်သင်တန်းတွေ၊ သူနာပြုအကူသင်တန်းတွေနဲ့ International School တွေကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့က စံနှုန်းတွေသတ်မှတ်ပြီးတော့ တိကျစွာ အရေးယူဆောင်ရွက်ခြင်း၊ ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်ခြင်းတို့ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒီနေ့ မြန်မာနိုင်ငံမှာ ဆေးဝါးကျွမ်းကျင်သင်တန်းတွေ၊ သူနာပြု သင်တန်းတွေ၊ နောက်တစ်ခါ International School တွေဟာ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ဝန်ဆောင်မှုလုပ်ငန်းတွေအဖြစ် လိုင်စင်ရယူလျှောက်ထားပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာတွေ အကုန်လုံးဟာ သင်ကြားရေးအတွက် အင်မတန်မှ လိုအပ်တဲ့ စံနှုန်း တွေနဲ့ ကိုက်ညီမှုဖြစ်မှာပါ။ ကျွန်တော်တို့ ကျောင်းတစ်ကျောင်း ထူထောင်တဲ့နေရာမှာ ပထမဦးဆုံးကတော့

စနစ်ကျခိုင်မာတဲ့ သင်ရိုးညွှန်းတမ်းCurriculum ရှိရပါမယ်။ သင်ထောက်ကူပစ္စည်းတွေ ပြည့်စုံမှု ရှိရပါ့မယ်။ နောက်တစ်ခုကကျတော့ ဒီ Facilityတွေ ပြည့်စုံနေပေမယ့် သင်ကြားတဲ့ နည်းစနစ်က မမှန်ဘူး ဆိုရင်လည်း ဒါဟာ ကျွန်တော်တို့က အကျိုးမဲ့တဲ့ သင်ကြားမှုပဲဖြစ်ပါတယ်။ နောက် အရေးအကြီးဆုံး ကတော့ တတ်မြောက်တယ် မတတ်မြောက်ဘူးဆိုတာကို ပြန်ပြီးတော့ ဆန်းစစ်တဲ့ Assessment System ပါ။ ဒီဟာကိုသေချာ စစ်ဆေးပြီးတော့မှပဲ ဒီ အရည်အချင်းနဲ့ ထိုက်တန်တဲ့ သူတွေကိုမှ ထိုက်တန်တဲ့ အသိအမှတ်ပြု လက်မှတ်တစ်ခုခု ထုတ်ပေးရပါတယ်။

အခုဟာကတော့ ခုနကတင်ပြသွားတဲ့ စနစ်ကျခိုင်မာတဲ့ သင်ရိုးညွှန်းတမ်းလည်း မရှိဘူးနော်၊ သင်ကြားရေးနည်းစနစ်ကလည်း မမှန်ကန်ဘူး။ အရည်အချင်းစစ်တဲ့ စနစ်ကလည်း မမှန်ကန်ဘူး။ ဒီလိုနဲ့ သင်တန်းပေးနေတဲ့အခါမှာ နိုင်ငံတော်ရဲ့ ကျန်းမာရေးနဲ့ ပညာရေးဆိုင်ရာ သင်ကြားရေးနယ်ပယ်ရဲ့ အန္တရာယ် တစ်ရပ်အဖြစ် တွေ့ရှိနေရတာ ဖြစ်ပါတယ်ခင်ဗျား။ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာရော၊ အမျိုးသားလွှတ်တော်မှာရော ဒီသင်တန်းကျောင်းတွေနဲ့ ပတ်သက်ပြီးတော့ မေးခွန်းတွေလည်း လွှတ်တော်ကိုယ်စားလှယ်တွေက အကြိမ်ကြိမ်အခါခါ မေးမြန်းခဲ့ပါတယ်။ မေးမြန်းတဲ့အခါမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေဖြစ်တဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနဟာ အသိအမှတ်ပြု ထောက်ခံပေးထားတာမရှိဘူး။ ဒီလိုမျိုး သင်တန်းကျောင်းတွေ ဝန်ဆောင်မှုလုပ်ငန်းအနေနဲ့ ထူထောင်တဲ့ နေရာမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ သဘောထားမှတ်ချက်ကိုလည်း တောင်းခံခြင်းမရှိဘူး ဆိုတာ ဒါဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဒီ သင်တန်းကျောင်းတွေဟာ လျော့နည်းသွားတာ မရှိဘဲနဲ့ ကြော်ငြာအား ကောင်းကောင်းနဲ့ ထပ်မံထပ်မံတိုးချဲ့ပြီးတော့ ပေါ်ပေါက်လာပါတယ်။ ကြော်ငြာတာတွေဟာဆိုရင် ကျွန်တော်တို့ ဒီပြည်တွင်းတွင်သာမကဘူး။ ပြည်ပမှာပါ အလုပ်အကိုင် ရရှိစေရမယ်။ ဒီ Certificate တွေဟာ နိုင်ငံတကာ အသိအမှတ်ပြု ဖြစ်ပါတယ်။ ဒီလိုသဘောမျိုးတွေနဲ့ ကြော်ငြာနေတာတွေကိုပါ တွေ့ရပါတယ်။ ဒါတွေဟာ တကယ့်လူငယ်တွေပေါ်မှာ လူငယ်တွေရဲ့ အချိန်တွေ၊ နောက်တစ်ခါ ကုန်ကျစရိတ်တွေ၊ လူငယ်တွေရဲ့ ရည်မှန်းချက်တွေ ဒါတွေကို နည်းအမျိုးမျိုးနဲ့ လှည့်ဖြားပြီးတော့ ဆောင်ရွက်နေတယ်လို့ပဲ တင်ပြရမှာဖြစ်ပါတယ်။ အထူးအားဖြင့်ဆိုရင် ဒီပုဂ္ဂလိက ဆေးဝါးကျွမ်းကျင် သင်တန်းတွေနဲ့ သူနာပြုအကူသင်တန်း တချို့က ကျောင်းဆင်းလာတဲ့ လူငယ်လူရွယ်တွေဟာဆိုရင် စနစ်တကျမရှိဘဲနဲ့ ပေးအပ်လိုက်တဲ့ သင်တန်းဆင်း လက်မှတ်တွေကို ဒါသူတို့က သူတို့စိတ်ထဲမှာတော့ ဟာတို့ ဒီလိုမျိုး ဒီလက်မှတ်ရရင်တော့ ဒါတတ်ကျွမ်း နားလည်သွားပြီဆိုပြီးတော့ အချို့ဒေသတွေမှာ ဆေးဝါးကုသမှု လုပ်ငန်းတွေကိုပါ သူတို့ဆောင်ရွက်နေပါတယ်၊ ပေါ်ပေါ်ထင်ထင်ကို ဆောင်ရွက်နေ တာပါ။ ဒါဟာလည်း အင်မတန်မှ အန္တရာယ်ကြီးပါတယ်။ နောက်ဒီ ပညာရေးပိုင်းမှာဆိုလည်း International School တွေ တကယ့်နိုင်ငံတကာအဆင့် စံနှုန်းမီတဲ့ International School တွေကို မဆိုလိုပါဘူး။

ဒါပေမဲ့ အချို့ အချို့သော International School တွေဟာ College, University အဲဒီလိုကို ဆိုင်းဘုတ်တွေ ပေါ်ပေါ်ထင်ထင်တပ်ပြီးတော့ကို Diploma ပေးတယ်။ Certificate ပေးတယ်။ ဒီလိုတွေ လုပ်ဆောင်နေပါတယ်။ ပြန်ကြည့်လိုက်မယ်ဆိုရင် ဒီ College ပဲ တပ်ထားထား၊ University ပဲ တပ်ထားထား၊ ကျွန်တော်တို့တက္ကသိုလ်များ ဗဟိုကောင်စီရဲ့ အသိအမှတ်ပြုခြင်းကိုလည်း မခံရပါဘူး။ တခြားနိုင်ငံတကာကနေပြီးတော့ သတ်မှတ်ထားတဲ့ အဆင့်အတန်း တစ်မျိုးမျိုးရဲ့ အသိအမှတ်ပြုခြင်း ကိုလည်း မခံရပါဘူး။ မခံရဘဲနဲ့ ဒါဟာလှည့်ဖြားပြီးတော့ ဆောင်ရွက်နေတာပါ။ ဒီသင်တန်းကျောင်း တွေကို တက်ရတဲ့အတွက်ကြောင့်မို့လို့ သင်ကြားရေးစရိတ်တွေဟာလည်း အင်မတန်မှကြီးမြင့်ပါတယ်။

ဒါကြောင့်မို့လို့ ကျောင်းသားမိဘတွေက တချို့ဆို ပြီးခဲ့တဲ့တစ်လောတုန်းကတော့ ကြားပါတယ်။ စုပေါင်းပြီးတော့ကို ကန့်ကွက်တာမျိုးတွေ၊ ဒီလိုတောင်လုပ်နေရတာကို တွေ့ရပါတယ်။ အဲဒီတော့ အရေးယူတဲ့အပိုင်းမှာ ကျွန်တော်တို့က ဆေးဝါးကုသခွင့်လိုင်စင်မရှိဘဲနဲ့ ဆေးဝါးကုသတယ်ဆိုရင် ဒါ ပြစ်မှုကြောင်းအရ အရေးယူလို့ရပါတယ်ခင်ဗျား။

အဲဒီတော့ ဒီဆေးဝါးကုသတော့မှ၊ ဆေးဝါးတွဲစပ်ရောင်းချတော့မှ ဒီလူတွေကို အရေးယူတယ်ဆိုရင် ဒီလူငယ်၊ လူရွယ်တွေကို ဒီလိုမျိုး လမ်းမှားရောက်သွားအောင် တွန်းပို့လိုက်သလို ဖြစ်နေတဲ့ ဒီအရည်အချင်းမမီတဲ့ သင်တန်းကျောင်းတွေကိုရော အရေးယူမှု မပြုသင့်ဘူးလားဆိုတာ ဒါအင်မတန်မှ စဉ်းစားစရာကောင်းပါတယ်။ ဒီလိုအန္တရာယ်ကြီးမားတဲ့ လုပ်ဆောင်ချက်မျိုးဖြစ်လာအောင် တွန်းပို့ပေးခဲ့တဲ့ အရင်းခံဇစ်မြစ်ကတော့ ဒီ အရည်အသွေး စနစ်တကျမရှိတဲ့ ဆေးဘက်ဆိုင်ရာ သင်တန်းကျောင်းတွေ၊ ပညာရေးဆိုင်ရာ သင်တန်းကျောင်းတွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကျောင်းတွေကို ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်မျိုး ချမှတ်ပြီးတော့ အရေးယူမှပဲ ဒါတွေဟာ ကျွန်တော်တို့ ထိထိရောက်ရောက် နှိမ်နင်းနိုင်မှာ ဖြစ်ပါတယ်။ ခုဟာကတော့ ကြော်ငြာအားကောင်းကောင်းနဲ့ တစ်ကျောင်းပြီးတစ်ကျောင်း တည်ထောင်ပြီးတော့ကို ကျွန်တော်တို့ နေ့စဉ်ထုတ် သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာဆိုလည်း ဒါတွေကို ကျွန်တော်တို့ တွေ့နေရပါတယ်။ ဒီဟာကို ကျွန်တော်တို့ရေရှည်မှာ ဒီလို ဒီလိုပဲ အရေးယူဆောင်ရွက်မှု မပြုနိုင်တော့ဘူးဆိုရင် ဒါတစ်မျိုးသားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရေးဆိုင်ရာကိုပါ ထိခိုက်နိုင်တဲ့ အမျိုးသားရေးအန္တရာယ်အဖြစ် ဒါရှုမြင်သုံးသပ်ဖို့လိုပါတယ်လို့ လေးလေးနက်နက် တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ ဆေးဝါးကျွမ်းကျင်သင်တန်းများ၊ သူနာပြုအကူသင်တန်းများနဲ့ International School များကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့က စံနှုန်းများသတ်မှတ်စိစစ်ပြီးတော့ တိကျစွာ အရေးယူဆောင်ရွက်ခြင်း ပြုနိုင်/မပြုနိုင်၊ ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်ခြင်းတို့ကို ပြုနိုင်/မပြုနိုင်တို့ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဟန်လင်း ၏ မေးခွန်းအား ကျွန်တော့်အနေဖြင့် ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအသစ်ဖွင့်လှစ်ခြင်း၊ ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်းနဲ့ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်ဖွင့်လှစ်ခြင်းတို့ကို စီမံကိန်းနှစ်အလိုက် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီး(၁၇)ဦး၊ အထူးကုဆရာဝန် (၁၇)ဦး၊ လက်ထောက်ဆရာဝန်(၆၈)ဦး၊ သူနာပြု(၂၈၈)ဦး အပါအဝင် ဝန်ထမ်းအင်အား ရာထူး (၅၉၄)

နေရာကို ၂၈-၂-၂၀၁၂ ရက်နေ့တွင် ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဖော်ပြပါ ဝန်ထမ်းအင်အား ရာထူး (၅၉၄) နေရာပါဝင်သော ဖွဲ့စည်းပုံဖြင့် ဆေးရုံလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပုသိမ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးအပြင် အဆင့်မြင့် ဆေးရုံကြီးတစ်ရုံ ထပ်မံဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးသော်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဒေသန္တရစီမံကိန်းများနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကဏ္ဍအလိုက် စီမံကိန်းများကို စီမံကိန်းကော်မရှင်နှင့် ဘဏ္ဍာရေးကော်မရှင်တို့တွင် ထည့်သွင်းညှိနှိုင်းပြီး အတည်ပြုချက်ရရှိပါက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၏ မေးခွန်းအား ပြန်လည်ဖြေကြား တင်ပြသွားပါမယ်။

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနသည် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်တင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နောင်တိုးတက်လာမည့်လူဦးရေ၊ ကျန်းမာရေးအဆင့်အတန်း၊ လူမှုရေးပုံစံနှင့် လိုက်လျောညီထွေရှိသော အရည်အချင်းမြင့်မားသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်မျိုးစုံကို ဆေးတက္ကသိုလ် (၄)ခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(၂)ခု၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(၁)ခု၊ ဆေးဝါးတက္ကသိုလ်(၂)ခုနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(၂)ခု၊ သူနာပြုတက္ကသိုလ် (၂)ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ် (၁)ခုနှင့် သူနာပြုသင်တန်းကျောင်း(၂၃)ခု၊ သားဖွားသင်တန်း ကျောင်း (၂၀)ခု၊ သူနာပြုနှီးနွှယ်ကွင်းဆင်း လေ့ကျင့်ရေးကျောင်း(၃)ကျောင်းတို့မှ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်။

အဆိုပါ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် သူနာပြု/သားဖွားသင်တန်းကျောင်းများအားလုံးတို့သည် နိုင်ငံတော်ပိုင်တက္ကသိုလ်များနှင့် သင်တန်းကျောင်းများဖြစ်ပြီး လက်ရှိတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်သော ပုဂ္ဂလိကသင်တန်း၊ ဥပမာအားဖြင့် သူနာပြုအကူသင်တန်း၊ ဆေးဝါးကျွမ်းကျင်သင်တန်းများ ဖွင့်လှစ်ခွင့်ပြုရန် သီးခြားဥပဒေပြဋ္ဌာန်းထားခြင်း မရှိတဲ့အပြင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်လိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။

သို့သော် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သင်တန်းကျောင်းများမှာ လျော့နည်းသွားခြင်း မရှိဘဲ ကြော်ငြာအားကောင်းကောင်းဖြင့် ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိနေရ၍ ကျန်းမာရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်သော သင်တန်းကျောင်းများ ဖွင့်လှစ်နေသည့် ပုဂ္ဂလိကသင်တန်းများနှင့် အသင်းအဖွဲ့များသည် မည်သည့်ဝန်ကြီးဌာန၏ သဘောတူညီချက်/ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေကြောင်း စိစစ်၍ အထောက်အထားနှင့်တကွ ပြန်ကြားပေးနိုင်ပါရန် ကျန်းမာရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအားလုံးသို့ ၁၆-၅-၂၀၁၂ ရက်စွဲပါဖြင့် မေတ္တာရပ်ခံခဲ့ပြီး ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပင် ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးပညာနှင့်ဆေးပညာနှီးနွှယ် သင်တန်းကျောင်းများ၊ သူနာပြုသင်တန်းကျောင်းများ၏ အရည်အသွေးကို ထိန်းချုပ်နိုင်ရန်သာမက နောင်တိုးတက်ပြောင်းလဲလာမည့် ခေတ်စနစ်အခြေအနေနှင့်အညီ ပုဂ္ဂလိကတက္ကသိုလ်/သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရန်နှင့် ၎င်းတို့၏ အရည်အသွေးကိုပါ ထိန်းချုပ်နိုင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မူလရှိပြီးဖြစ်သော The Myanmar Medical Degrees Act 1916 အား ခေတ်ကာလအခြေအနေနှင့်

လိုက်လျောညီထွေမှုရှိစေရန် မြန်မာနိုင်ငံဆေးပညာနှင့် ဆေးပညာနှီးနွှောပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်များ ဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ညှိနှိုင်းတိုင်ပင် ရေးဆွဲလျက်ရှိပါတယ်။ ထိုသို့ရေးဆွဲပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြ၍ အတည်ပြုပြဋ္ဌာန်းနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါဥပဒေပြဋ္ဌာန်းပြီးပါက ဆေးဝါးကျွမ်းကျင်သင်တန်းများ၊ သူနာပြုအကူ သင်တန်းများ အား ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေများကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေများသည် အခြေခံပညာကဏ္ဍတွင် ပညာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းများကို အသုံးပြုပြီး နိုင်ငံသားတည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာအဆင့် ကိုယ်ပိုင်ကျောင်းများကိုသာ လွှမ်းခြုံမိပြီး နိုင်ငံတကာသင်ရိုးညွှန်းတမ်းအသုံးပြုသည့် ကျောင်းများအပေါ် သက်ရောက်မှုမရှိကြောင်း တွေ့ရှိရပါတယ်။

စံနှုန်းဖြင့်အရည်အသွေးကို ထိန်းချုပ်ရန်နှင့် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကျောင်းများ၊ ကောလိပ်များ၊ သက်မွေးပညာကျောင်းများနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်စေရန်အတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပညာရေး ဝန်ကြီးဌာနအနေဖြင့် စံနှုန်းများသတ်မှတ်စိစစ်ပြီး တိကျစွာ အရေးယူဆောင်ရွက်နိုင်ရန်နှင့် ထိရောက် ဟန့်တားသော ပြစ်ဒဏ်များချမှတ်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် အမျိုးသားပညာရေး ဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရန် ရေးဆွဲလျက်ရှိကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

**ရခိုင် ရေထွက်သယံဇာတတစ်ခုဖြစ်သည့် သဘာဝကျောက်ပုစွန်များ ရှားပါးလာနေမှုကြောင့် ကျောက်ပုစွန် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ နည်းပညာနှင့်အရင်းအနှီး စိုက်ထုတ် ပေး၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က ရခိုင် ရေထွက်သယံဇာတတစ်ခုဖြစ်သည့် သဘာဝကျောက်ပုစွန်များ ရှားပါးလာနေမှုကြောင့် ကျောက်ပုစွန် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက်ပြည်ထောင်စုအစိုးရမှ နည်းပညာနှင့် အရင်းအနှီး စိုက်ထုတ် ပေး၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးထားတဲ့ မေးခွန်းကတော့ ရခိုင်ရေထွက်သယံဇာတတစ်ခုဖြစ်တဲ့ သဘာဝကျောက်ပုစွန်များ ရှားပါးလာနေမှုကြောင့် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ နည်းပညာနှင့် အရင်းအနှီး စိုက်ထုတ်ပေး၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးထားတဲ့

မေးခွန်းဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးရတဲ့ရည်ရွယ်ချက်ကတော့ ရည်ရွယ်ချက်(၂)ခုကို ဦးတည်ပြီးတော့ မေးထားတာဖြစ်ပါတယ်။ ပထမကတော့ ကျောက်ပုစွန် ရှာဖွေဖမ်းယူမှုဟာ ရခိုင်ဒေသရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်နေလို့ပါ။ နောက်တစ်ခုကတော့ တန်ဖိုးရှိလှတဲ့ သဘာဝရေသယံဇာတဖြစ်တဲ့ ကျောက်ပုစွန်များ မျိုးပြုန်းမသွားဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ရဲ့ သဘာဝအနေအထားဟာမြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်ပြင်တို့ တည်ရှိနေတဲ့အတွက်ရခိုင်တို့ရဲ့ စီးပွားရေးဟာ ရေသယံဇာတထွက်ကုန်များ အပေါ်မှာလည်း အနည်းနဲ့ အများ ဆိုသလို မှီခိုအားထားမှုပြုနေကြရပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ် အတွင်း ရေသယံဇာတတစ်ခုဖြစ်တဲ့ သဘာဝကျောက်ပုစွန်များ ရှာဖွေဖမ်းယူ ထုတ်လုပ်မှုလုပ်ငန်းကို ကျွန်တော်တို့ ကျောက်ဖြူမြို့နယ်မှာ အများဆုံးလုပ်ကိုင်ပြီးတော့မှ မြေပုံ၊ အမ်း စတဲ့မြို့နယ်တွေမှာလည်း လုပ်ကိုင်ကြပါတယ်။

ရခိုင်ကျောက်ပုစွန်လုပ်ငန်းဟာ ပြည်ပဈေးကွက်တစ်ခုတည်းနဲ့တင် နိုင်ငံခြားငွေ ရရှိနေတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ တရုတ်၊ ထိုင်ဝမ်၊ ဟောင်ကောင် စတဲ့နိုင်ငံများမှာ ဈေးကွက် တော်တော် ကောင်းတယ်လို့ သိရပါတယ်။ ရခိုင်ကျောက်ပုစွန်မှာ အရှည် ၃၆ လက်မ ရှိပါတယ်။ လုံးပတ်က ၂၄ လက်မ ထိရှိပြီးတော့မှ ဧရာဝတီကျောက်ပုစွန်များထက် အရွယ်အစား ကြီးမားတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ အဝယ်လည်း ပိုပြီးတော့လိုက်တယ်လို့ ဆိုပါတယ်။ ကျောက်ပုစွန်ဝယ်ယူတဲ့အခါ ကာလာ၊ အစိမ်း၊ ရိုးရိုး ဆိုပြီးတော့မှ သုံးမျိုးခွဲပြီး အရွယ်အစားအလိုက် ဈေးနှုန်းသတ်မှတ်လို့ ဝယ်ယူနေပါတယ်။ လုပ်ငန်းရှင်တို့ ပြောပြချက်အရကတော့ ဝယ်ယူထားတဲ့ ကျောက်ပုစွန်များကို အောက်စီဂျင် အမြဲလွှတ်ထားတဲ့ အပူရှိန် (၁၈) ဒီဂရီရှိတဲ့ ရေကန်ငယ်များမှာ ယာယီသိုလှောင်ထားပြီးတော့ ပုစွန်ငယ်များကို အစားအစာအဖြစ် ကျွေးမွေးထားပြီး မွေးမြူထားအပ်ပါတယ်။ ဒါက ယာယီလုပ်ထားတာပါ။ အဲဒီ လိုအပ်တဲ့ပမာဏ ပြည့်လာတဲ့အခါမှ ရန်ကုန်ကို လေယာဉ်နဲ့ ပို့ပေးရပါတယ်။ ကားနဲ့ပို့လို့မရပါဘူး။ ကားနဲ့ဆိုရင် လမ်းမှာ သေဆုံးသွားလေ့ ရှိပါတယ်။

ဒီလို ပြည်တွင်းပြည်ပ အောင်မြင်နေတဲ့ သဘာဝကျောက်ပုစွန်များမှာ အခုအချိန်မှာ တဖြည်းဖြည်းနဲ့ ရှားပါးလာနေတာကို ကျွန်တော်တို့ ရခိုင်ဒေသ လုပ်ငန်းရှင်များက ပြောဆိုနေကြပါတယ်။ ယခင်ကဆိုလို့ရှိရင် ကျွန်တော်တို့ ရန်ကုန်ကိုတင်ပို့တဲ့ ကျောက်ပုစွန်ဟာ တန်ချိန် (၈၀) အထက်မှာ ရှိပြီးတော့၊ ယခုနှစ်မှာ တန်ချိန် (၅၀) လောက်ပဲဖြစ်မယ်လို့ခန့်မှန်းနေကြပါတယ်။ ဒီလို လျော့နည်းသွား ရခြင်းကတော့ သဘာဝကရတဲ့ ကျောက်ပုစွန်များဟာ တဖြည်းဖြည်းနဲ့ရှားပါးလာနေမှုတို့ကြောင့်ဖြစ် ပါတယ်။ သဘာဝကပေးသလောက်သာ ကျွန်တော်တို့ သဘာဝကပေးတဲ့အတိုင်းသာ ထုတ်ယူသုံးစွဲ နေကြ မယ်ဆိုရင် တဖြည်းဖြည်းနဲ့ လျော့နည်းလျော့နည်း ပြီးတော့မှ နောက်ဆုံး ပျောက်ကွယ်သွားနိုင်မယ့် အခြေအနေ ရှိနေပါတယ်။ မကြာမီ မျိုးပြုန်းသွားပါလိမ့်မယ်။ အဲဒီလို မျိုးပြုန်းမသွားစေဖို့အတွက်ရော၊ လက်ရှိထုတ်လုပ်တင်ပို့မှုလုပ်ငန်း ရပ်ဆိုင်းမသွားစေဖို့အတွက်ပါအစိုးရငါးလုပ်ငန်းဦးစီးဌာနက ကျောက်ပုစွန်မွေးမြူရေးကို စနစ်တကျ သုတေသနပြုလုပ်ပြီးမှ နည်းပညာနဲ့အရင်းအနှီးတို့ စိုက်ထုတ်ကာ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်လာပြီ ဖြစ်ပါတယ်။

ဒါမှ သဘာဝကျောက်ပုစွန်မျိုးပြုန်းမှု၊ မျိုးပြုန်းတီးသွားမှု အခြေအနေကိုလည်း ကာကွယ် ထိန်းသိမ်းရာ ရောက်ပါလိမ့်မယ်။ အခြားတစ်ဖက်မှလည်း အလုပ်အကိုင်ရရှိမယ့် အခွင့်အလမ်းကိုပါ လမ်းဖွင့်ပေးရာအဖြစ်သို့ ရောက်ရှိလာပါမယ်။ ဒါကြောင့်မို့လို့ ရခိုင်ရေထွက်သယံဇာတတစ်ခုဖြစ်တဲ့ သဘာဝကျောက်ပုစွန်များ ရှားပါးလာနေမှုကြောင့် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်

အတွက် ပြည်ထောင်စုအစိုးရမှ နည်းပညာနှင့်အရင်းအနှီးတို့ စိုက်ထုတ်ပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်လုပ်ကိုင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဒေါက်တာအောင်မြတ်ဦး(ဒုတိယဝန်ကြီး၊ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကျောက်ပုစွန်အများဆုံးထွက်တဲ့ ဒေသတွေကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ် နဲ့ ရခိုင်ပြည်နယ်တို့ဖြစ်ပါတယ်။ ထွက်ရှိမှုအနေနဲ့ကတော့ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်းမှာ တနင်္သာရီ တိုင်းဒေသကြီးမှာ (၁၂၆.၇၀)တန်၊ မွန်ပြည်နယ်မှာ (၁၁.၃၆) တန်နဲ့ ရခိုင်ပြည်နယ်မှာ (၇၄.၄၆) တန် ထွက်ရှိပါတယ်။

ဒီကျောက်ပုစွန်တွေကို ပင်လယ်ပြင် ဒီရေအကျဆုံးနေရာကနေ မီတာ (၅၀) အနက် သန္တာ ကျောက်တန်း၊ ကျောက်ဆောင်တွေကြားမှာ အပူချိန် (၁၈) ဒီဂရီ စင်တီဂရိတ်ကနေ(၂၂) ဒီဂရီ စင်တီဂရိတ်၊ အငန်နှုန်း (၂၈) ပီပီတီမှ (၃၄) ပီပီတီ နှင့်ချဉ်ဖန်နှုန်း (၇.၈ မှ ၈.၂) အတွင်းရှိတဲ့ နေရာတွေမှာ နေထိုင် ကျက်စားကြီးပြင်းလေ့ ရှိကြောင်း တွေ့ရှိရပါတယ်။ ကျောက်ပုစွန်တွေကို သားဖောက်ဖို့နဲ့ သူတို့ရဲ့ နေထိုင်မှုအရ မွေးမြူဖို့ အခက်အခဲ အနည်းငယ်ရှိပါတယ်။ သားဖောက်ဖို့ သားလောင်းဖွံ့ဖြိုးချိန်မှာ လွန်စွာကြာမြင့်ပြီးတော့မှ သားလောင်းအရွယ်အစားမှာ စားနိုင်မယ့် အစာအမျိုးအစားတွေ၊ သားလောင်း အရွယ်မှာ ပါဝင်တဲ့ စားရမယ့်အစာရဲ့ ပါဝင်တဲ့အာဟာရဓါတ်ပါဝင်မှု ပမာဏတွေကိုတော့ ကျွန်တော်တို့ သုတေသနပြုလုပ်တဲ့ အဆင့်မှာပဲ ရှိပါသေးတယ်။ ကျောက်ပုစွန်များရဲ့ သဘာဝနေထိုင်မှု အခြေအနေနှင့် ကိုက်ညီအောင် စီးပွားဖြစ်ထုတ်လုပ်နိုင်အောင် မွေးမြူနိုင်ရေးကို ဖန်တီးဆောင်ရွက်နိုင်ဖို့ အတွက် နည်းပညာ လိုအပ်လျက်ရှိသေးတဲ့အတွက်ကြောင့်မို့လို့ မျိုးထိန်းသိမ်းခြင်းလုပ်ငန်းကိုပဲ အလေးထား ဆောင်ရွက်လျက် ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ သဘာဝမှကျောက်ပုဇွန်များ မျိုးပြုန်းတီးမှုမရှိစေရန်နှင့် စဉ်ဆက်မပြတ် ထုတ်ယူစားသုံးနိုင်ဖို့အတွက် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်ပုစွန် များ ပေါက်ပွားကြီးပြင်းရာဖြစ်တဲ့ သန္တာကျောက်တန်း၊ ကျောက်ဆောင်များကြားနေရာတွေကို ငါးလုပ်ငန်း ဦးစီးဌာနနှင့် လုပ်ငန်းရှင်များ၊ ရေလုပ်သားများပူးပေါင်းကာကွယ် ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများ၊ အရွယ်သေးငယ်တဲ့ (၁၅၀)ဂရမ်အောက် ကျောက်ပုစွန်များအား ဖမ်းဆီးခြင်းမပြုရန်နှင့် သယ်ယူတင်ပို့မှု မပြုလုပ်ရန်တားမြစ်ခြင်း၊ အချို့သော ရေလုပ်သားများနှင့် ရေလုပ်ငန်းရှင်များမှာ ဖမ်းဆီးသယ်ယူတင်ပို့မှု

ရှိနေတာကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှ သတိပေးခြင်းနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ အရွယ် သေးငယ်သော (၁၅၀) ဂရမ်အောက် ကျောက်ပုစွန်တွေကို ဖမ်းဆီးခြင်း၊ သယ်ယူတင်ပို့ခြင်းမပြုရန် ရေလုပ်သားများနှင့် လုပ်ငန်းရှင်များကို စည်းရုံးဆောင်ရွက်ခြင်း၊ ကျောက်ပုဇွန်များရဲ့ မိတ်လိုက် ပေါက်ပွားတဲ့ရာသီ (Breeding Season) ဖြစ်တဲ့ဇွန်လ (၁) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်နေ့အထိ (၃)လတာကာလကို မဖမ်းဆီးရရာသီ (Close Season) သတ်မှတ်တားမြစ်ခြင်းနဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ ရေလုပ်သားများ၊ လုပ်ငန်းရှင်များပူးပေါင်းပြီး အဆိပ်ချမိုင်းခွဲငါးဖမ်းသူများကို စိစစ်ဖော်ထုတ်ပြီးကာမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ကျောက်ပုစွန် မွေးမြူရေးလုပ်ငန်းကို ၎င်းတို့၏ သဘာဝနေထိုင်မှုအခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်နိုင်တဲ့ နည်းပညာအခက်အခဲကြောင့်မို့လို့ မွေးမြူနိုင်ခြင်းမရှိသေးပါဘူး။ လက်ရှိအနေနဲ့ FAO စာတမ်းများအရကတော့ ဗီယက်နမ်နိုင်ငံမှာတော့ ကျောက်ပုစွန်သားပေါက်တွေကို သဘာဝကနေ ဖမ်းဆီးပြီးတော့မှ အဆင့်မြင့်နည်းပညာများနှင့် စတီး လှောင်အိမ်တွေနဲ့ မွေးမြူနေတယ်လို့သိရှိရပါတယ်။

ငါးလုပ်ငန်းဦးစီးဌာအနေဖြင့် ကျောက်ပုစွန်များကို တားမြစ်ကာလ၊ တားမြစ် အရွယ်အစား၊ သတ်မှတ်ကန့်သတ်ချက်နဲ့ မျိုးထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျောက်ပုစွန်ရှာဖွေဖမ်းဆီးသူများနှင့် အဝယ် ဒိုင်လုပ်ငန်းရှင်များကို မျိုးထိန်းသိမ်းရေးအတွက် ကန့်သတ်တားမြစ်ချက်များအား လိုက်နာဆောင်ရွက် ရန်ပညာရေးပေးစည်းရုံးခြင်း၊ ငွေကြေးလိုအပ်ချက်များကို အစုအဖွဲ့ အလိုက်ထုတ်ပေးခြင်းများကို လက်ရှိ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ဖိဖိစီးစီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျောက်ပုစွန်မွေးမြူရေးနှင့် ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ အတွက်လည်း အထူးပဲကျေးဇူးတင်ပါတယ်။ ကျောက်ပုစွန် မွေးမြူခြင်းလုပ်ငန်းဟာ အမှန်တကယ် ဆောင်ရွက်သင့်တဲ့ လုပ်ငန်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံတွင် ကျောက်ပုစွန်မွေးမြူခြင်း လုပ်ငန်းဖွံ့ဖြိုးလာရေးအတွက် နည်းပညာရရှိရေးနှင့် သုတေသန လုပ်ငန်းများကို နိုင်ငံခြားမှပညာရှင်များ၊ အဖွဲ့အစည်းများ၊ ပြည်တွင်းမှပညာရှင်များ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အမျိုးသားဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော် ကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ - ၃၆
ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ ဇန်နဝါရီ လ ၂၈ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၁၃-၁-၂၀၁၄ ရက်နေ့တွင် အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၃-၁-၂၀၁၄ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) ဤပြင်ဆင်သည့် ဥပဒေကြမ်း၌ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့ကို ခေတ်စနစ်နှင့်အညီ ပြောင်းလဲဖွဲ့စည်းနိုင်ရန်အတွက်လည်းကောင်း၊ ၁၃-၈-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် အမျိုးသား အစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၄ တွင် ပြဋ္ဌာန်းထားသော မြန်မာနိုင်ငံ အစားအသောက် နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့်အညီဖြစ်စေရန်အတွက် လည်းကောင်း ဤဥပဒေကြမ်းပါ အပိုဒ် ၂၊ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၄။ "ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သော မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့၏ အတွင်းရေးမှူး အဖြစ် ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။"

(ခ) ဤဥပဒေကြမ်း၌ မူလဥပဒေ၏ ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် ပါရှိသည့် ငွေဒဏ်ကို ခေတ်ကာလနှင့်လျော်ညီစွာ တိုးမြှင့်ထားခြင်းဖြစ်ပြီး ပုဒ်မ ၃၂ ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ၉၇(က)နှင့်ညီညွတ်မှုရှိစေရန် ပြောင်းလဲပြင်ဆင်ထားခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက် ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်းအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂ -

၂။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်ဟုပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့ အတွက် အပိုဒ် ၂ သည် ဤ ဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက်ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ခ)အရ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က အတည်ပြုပေးဖို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရကိုယ်စား ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ကျင့်သုံးဆောင်ရွက်နေတဲ့ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား စဉ်းစားပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ အဆို တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များဟာ ၁၉၉၂ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တာဖြစ်ပြီး လက်ရှိအချိန်အခါမှာ ခေတ်ကာလများနဲ့ လိုက်လျောညီထွေမှု မရှိတော့သည့်အတွက် ခေတ်ကာလနဲ့ လိုက်လျောညီထွေမှုရှိစေရန်အတွက် အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် တင်သွင်းသည့်အဆိုကို ကျွန်တော်ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက်အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(ဩဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၂)နာရီအချိန်တွင် ခေတ္တရပ်နားပြီး(၁၁း၁၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၂။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး ရေလိုအေးလို့ ပန်းလို လန်းကြပါစေလို့ ကျွန်မ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မကတော့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီထဲမှာ ဆိုလို့ရှိရင် သူက ကော်မတီက နိဒါန်းကနေပြီးတော့ အကြံပြုချက်အထိ အပိုဒ် (၁၄)ပိုဒ်နဲ့ သူတို့ ရှင်းလင်းပြီးတော့ အစီရင်ခံစာ တင်ပြထားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ခုချိန်ဟာဆိုလို့ရှိရင် ကျွန်မတို့ နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံ အသစ်ကိုသွားနေတဲ့အချိန် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တရားဥပဒေ စိုးမိုးရေးနဲ့ တကယ့်ရည်မှန်းချက်ဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို ကျွန်မတို့ အလေးအနက်ထားပြီးတော့ ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ တကယ်ပဲ တရားဥပဒေ စိုးမိုးပြီးတဲ့အခါကျတော့ ကွာဟနေတဲ့ လူတန်းစားတွေ အကုန်လုံး သို့မဟုတ် ဆင်းရဲနေတဲ့ လူတန်းစားနဲ့ လူလတ်တန်းစားကြားမှာ ရှိနေတဲ့ ကွာဟချက်တွေကို ကျဉ်းမြောင်းသွားစေဖို့အတွက် ကျွန်မတို့ဟာ အားသွန်ခွန်စိုက် ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ အခု ဒီအစီရင်ခံစာကို ကျွန်မတို့ လေ့လာသုံးသပ်ကြည့်တဲ့အခါမှာတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ အများကြီး ဒါဆောင်ရွက်စရာ လိုအပ်နေတာတွေကို ကျွန်မတို့ တွေ့လာရမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တကယ်တမ်း အရေးကြီးတာကတော့ သဘာဝ သယံဇာတလည်း အရေးကြီးတာပဲ၊ လူ့စွမ်းအား အရင်းအမြစ်လည်း အရေးကြီးတာပဲ၊ သို့သော်ငြား လည်းပဲ အဲဒီအပေါ်မှာ တကယ်လျော်ကန်သင့်မြတ်ပြီး သဟဇာတဖြစ်တဲ့ မူဝါဒနဲ့ အဲဒီမူဝါဒကို မကောင်းတဲ့ဆိုးကျိုး နည်းနိုင်သမျှနည်းတဲ့ လက်တွေ့အကောင်ထည်ဖော်တဲ့ ဖော်နည်းတွေလည်း ကျွန်မတို့ လိုအပ်မှာ ဖြစ်ပါတယ်။ အခု ဒီအစီရင်ခံစာမှာ ဆိုလို့ရှိရင် သူတို့လေ့လာတွေ့ရှိချက်တွေ ဒီမှာ ဖော်ပြထားပါတယ်၊ ဖော်ပြပြီး စိစစ်တွေ့ရှိချက်တွေကို ဖော်ပြထားပါတယ်။ ဖော်ပြပြီးပြီဆိုတော့မှ နောက်ဆုံးကျတဲ့အခါကျတော့မှ ဒီမှာ ကော်မတီရဲ့ သုံးသပ်ချက်ကို ဒီမှာ တင်ပြထားပါတယ်။ ကျွန်မ အဲဒီ ကော်မတီရဲ့ သုံးသပ်ချက်နဲ့ပတ်သက်ပြီးတော့ အလေးအနက်ထားပြီးတော့ ကျွန်မလည်း ဒါကို ထောက်ခံဆွေးနွေးချင်ပါတယ်။ အဲဒါကတော့ ကော်မတီရဲ့ သုံးသပ်ချက် (၇) ကစပြီးတော့ အပိုဒ် ၇ မှာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်နဲ့ နိုင်ငံပိုင်သိမ်းဆည်းထားသော အိမ်ရာစီမံကိန်း အဆောက်အဦများနဲ့ မြေကွက်များ ရောင်းချမှုအပေါ် နှစ်ကာလ ကြာမြင့်စွာ အကြွေးများ ကျန်ရှိနေခြင်းမှာ မဖြစ်သင့်ကြောင်းနဲ့ ဘဏ်ချေးငွေရရှိမှသာ ငွေပေးချေမည်ဟူသော ကတိကဝတ်မှာလည်း လိုက်လျောလွန်းရာရောက်ကြောင်း

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာတွင် သုံးသပ်တင်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့သော် အရေးယူဆောင်ရွက်မှု အားနည်းလျက် ရှိနေကြောင်း သုံးသပ်ရရှိကြပါသည် ဆိုပြီးတော့ ဒါ ပထမဆုံး နိဒါန်းမှာ ကော်မတီရဲ့ သုံးသပ်ချက် နိဒါန်းမှာ ထည့်ထားတာပါ။ နောက်ထပ်ပြီးတော့ ဝေဖန်သုံးသပ်ပြတာကတော့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း ၇၂/၇၄ ရှိ မော်တော်ယာဥ် သိုလှောင်ရုံမြေ ၀.၁၃၄ ဧကနှင့်သိုလှောင်ရုံ အဆောက်အဦသည် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သော ၁/၂၀၁၁ အရ ရောင်းချခဲ့ခြင်းဖြစ်ပြီး မြေဧရိယာ ကွဲလွဲနေခြင်းကြောင့် ငွေပေးသွင်းမှု နှောင့်နှေးနေကြောင်း တင်ပြနေသည်မှာ ယနေ့အထိ တိုးတက်မှုမရှိသေးခြင်းသည် တာဝန်ယူမှု တာဝန်ခံမှု အားနည်းသည်ဟု သုံးသပ်မိပါသည် ဆိုတာပေါ်မှာ ကျွန်မ ဆွေးနွေးချင်ပါတယ်။

အဲဒါကတော့ ဘာလဲဆိုတဲ့အခါကျတော့ ဒီမှာ မြေဧရိယာ ကွဲလွဲနေခြင်းကြောင့်ဆိုတဲ့ စကားရပ်အပေါ်မှာ အကြောင်းပြချက်အပေါ်မှာ ကျွန်မလည်း ဆွေးနွေးချင်ပါတယ်။ ဒါဟာ တကယ်တော့ စောစောကပြောတဲ့ တရားဥပဒေစိုးမိုးမှုတို့၊ စည်းကမ်းစနစ်တကျ ဆောင်ရွက်မှုတို့ ဆိုတာတွေမှာ အစစအရာရာ အားလုံးဟာ တိတိကျကျနဲ့၊ စည်းစနစ် မှန်မှန်ကန်ကန်နဲ့ ကိုယ့်တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရမယ့် အချိန်ကာလမျိုးမှာ မြေဧရိယာ ကွဲလွဲတယ်ဆိုတာက ဘယ်လိုလုပ်ပြီးတော့များ ဖြစ်သွားတယ်ဆိုတာ ကျွန်မတို့တော့ မစဥ်းစားတတ်ဘူး။ သက်ဆိုင်ရာကတော့ ဒါကို တကယ်လို့ အလေးအနက် ထားတယ်ဆိုလို့ရှိရင်တော့ ဒါလေးကို ဖြေရှင်းပြဖို့ လိုအပ်မယ်လို့ ကျွန်မတို့ ထင်ပါတယ်။ မြေဧရိယာ ကွဲလွဲနေခြင်းကြောင့် ငွေပေးသွင်းမှု နှောင့်နှေးနေကြောင်း တင်ပြနေသည်မှာ ယနေ့အထိ တိုးတက်မှု မရှိသေးခြင်းသည် တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းသည်ဟု သုံးသပ်ပါသည်လို့ကော်မတီက သုံးသပ်ပြထားပါတယ်။

နောက်တစ်ချက်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် မြေနဲ့အဆောက်အဦ ရောင်းချခြင်းနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကျန်ရှိနေမှုသည် ၂၀၁၁ ခုနှစ်မှာ ကျန်ရှိခြင်း ဖြစ်ပြီး ပထမအရစ်သာ ပေးသွင်းထားသဖြင့် မြေနှင့်အဆောက်အဦကို ပြန်လည်သိမ်းယူသင့်သည်ဟု သုံးသပ်ပါသည်ဟု နောက်တစ်ခုကတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် မြေနှင့်အဆောက်အဦ ရောင်းချမှုအပေါ် မြေဧရိယာ ကွဲလွဲမှုအတွက် ၄/၂၀၁၂ ဆုံးဖြတ်ချက်အရ ကျပ်သန်းပေါင်း ၁၁၃၈ နုတ်ပယ်ပေးပြီးသော်လည်း ငွေအကျေ ပေးသွင်းမှုမရှိခြင်းမှာ မဖြစ်သင့်ပါ ပြန်လည်သိမ်းယူသင့်သည်ဟု သုံးသပ်ပါသည် ဆိုပြီးတော့ ဒါကလည်း ကော်မတီက အဲဒီလို သုံးသပ်ပြထားပါတယ်။ နောက်တစ်ခါ ပညာရေးဝန်ကြီးဌာန ပေးသွင်းရန် ကျန် ၃ ခုမှာ အိမ်ရာ ဆောက်လုပ်ရေးကုမ္ပဏီများမှ ပေးသွင်းရန်ဖြစ်ပြီး တင်ပြချက်များအရ တာဝန်ရှိသော ကုမ္ပဏီများသည် ကုမ္ပဏီမှတ်ပုံတင်ထားမှု မရှိခြင်း၊ သက်တမ်းကုန်ဆုံးနေခြင်း၊ စာရင်းမှာ ပယ်ဖျက်ထားသော ကုမ္ပဏီများဖြစ်နေခြင်း စသည်တို့မှာ စီမံခန့်ခွဲမှု ပေါ့လျော့သည်ဟု သုံးသပ်ပါသည် လွှဲပြောင်းခြင်း မပြုကြောင်း တင်ပြထားချက်အရ လွှဲပြောင်းခြင်းမပြုဘဲ ပြန်လည်သိမ်းဆည်းပြီး လိုအပ်သလို ဆက်လက်အရေးယူ ဆောင်ရွက်သင့်သည်ဟု သုံးသပ်ပါသည်။ ဒါလည်း ကော်မတီကနေပြီးတော့ အဲဒီလို သုံးသပ်ပြထားပါတယ်။ နောက် ဘဏ်ချေးငွေ ရရှိမှသာ ပေးဆပ်ပါမည်ဟု နှစ်ကာလ ကြာမြင့်စွာ ငွေ ပေးသွင်းမှု မရှိဘဲ တင်ပြထားချက်များကို လက်ခံ၍ စောင့်ဆိုင်းနေမှုများသည် မလျော်ကန်ပါသဖြင့် ဒဏ်ကြေးပေးဆောင်စေခြင်း သို့မဟုတ် ပြန်လည်သိမ်းယူ စာရင်းရှင်းလင်းခြင်း ပြုလုပ်သင့်သည်ဟု သုံးသပ်ပါသည်။

နောက်တစ်ခု အခွန်ကောက်ခံရန် ကျန်ရှိနေမှုများနှင့် တံဆိပ်ခေါင်းခွန် ကောက်ခံမှု အားနည်းခြင်းတို့ကြောင့် ရသင့်ရထိုက်သော အခွန်များ အချိန်နှင့်တစ်ပြေးညီ ရရှိမှုမရှိဘဲ နှစ်စဉ် ရသုံးမှန်ခြေ အကောင်အထည်ဖော်မှုကို အားနည်းစေပါသဖြင့် စီမံချက်ချမှတ်၍ အလေးထား ဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်လို့ တင်ပြပြီးတော့မှ အကြံပြုချက် ပြုထားပါတယ်။ ဒါကတော့ နိုင်ငံတော်ပိုင်ပစ္စည်း စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ စီမံခန့်ခွဲရန်နှင့် ကော်မတီ၏ သုံးသပ်ချက်များအပေါ် အလေးထားအရေးယူ ဆောင်ရွက်ပေးရန် အကြံပြုပါသည်လို့ တင်ပြထားပါတယ်။ ဒီအပေါ်မှာ ကျွန်မ လိုအပ်သလို ဆွေးနွေးတင်ပြချင်ပါတယ်။

အဲဒီထဲမှာတော့ ပညာရေးဝန်ကြီးဌာနမှာ ပေးသွင်းရန်ကျန်တဲ့ ၃ ခုထဲက အကျိုးတူ အိမ်ရာစီမံကိန်းက ဘာတွေလဲ ဆိုတဲ့အခါကျတော့ ဆောက်လုပ်ရေးကုမ္ပဏီများ၏ ပေးသွင်းရန် ကျန်ငွေများ ဖြစ်တယ်။ အဲဒီဟာတွေက နိုဝင်ဘာဆောက်လုပ်ရေးကုမ္ပဏီက တစ်ခု အဲဒီ နိုဝင်ဘာ ဆောက်လုပ်ရေးကုမ္ပဏီက ကုမ္ပဏီမှတ်ပုံတင်ထားမှုမရှိခြင်း ဆိုတော့ ကျွန်မတို့ အဲဒါကိုကပဲ ကုမ္ပဏီ တစ်ခုကို အဆောက်အဦ တာဝန်ပေးတော့မယ်စာချုပ် ချုပ်တော့မယ်ဆိုလို့ရှိရင် ကျွန်မတို့ အဲဒီကုမ္ပဏီက Construction ကုမ္ပဏီ ဟုတ်သလား၊ Register ရှိသလား၊ ဘယ်တုန်းကတုန်း ဒါမှမဟုတ်လို့ရှိရင် အခုအချိန်အထိ အတည်ဖြစ်နေသေးသလားဆိုတာတွေကို အစကတည်းက ကျွန်မတို့ နားလည်သလောက် အကုန်လုံး တစ်ခါတည်း တွဲပြီးတော့ Profile နဲ့ တစ်ခါတည်း ကြည့်ပြီးတော့ စစ်ဆေးပြီးတဲ့ အခါကျတော့မှ ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် နိုဝင်ဘာ ဆောက်လုပ်ရေးကုမ္ပဏီသည် ကုမ္ပဏီ မှတ်ပုံတင်ထားမှု မရှိခြင်းဆိုတော့ ဒီကုမ္ပဏီ မှတ်ပုံတင်မထားတဲ့ ဆောက်လုပ်ရေးကုမ္ပဏီနဲ့စာချုပ် ချုပ်တာ သို့မဟုတ် အလုပ်လုပ်တာကိုကပဲ ကျွန်မတို့ စီမံခန့်ခွဲမှုညံ့တယ်လို့ ပြောမလား သို့တည်း မဟုတ်ရင် တရားဥပဒေစိုးမိုးမှု မရှိဘူးလို့ ပြောမလား သို့မဟုတ်လို့ရှိရင်လည်း ဘယ်လိုစွပ်စွဲရမလဲ ဘယ်လိုပြောရမလဲ မသိဘူး။

အဲဒါက တစ်ခု၊ နောက်တစ်ခုက ရဲရင့်အောင် ဆောက်လုပ်ရေးကုမ္ပဏီသည် ၂၆-၅-၂၀၀၆ ရက်နေ့တွင် သက်တမ်းကုန်ဆုံးပြီး သက်တမ်းတိုးမှု မရှိခြင်းဆိုတော့ ဒီသက်တမ်း ကုန်ဆုံးနေတဲ့ ကုမ္ပဏီတစ်ခုနဲ့ရော စာချုပ် ချုပ်လို့ ရပါသလား၊ စောစောက ကုမ္ပဏီ မဟုတ်တဲ့ ကုမ္ပဏီနဲ့လည်း စာချုပ် ချုပ်ပြီးပြီ၊ အလုပ် လုပ်ပြီးပြီ။ အခု နောက်ထပ်တစ်ခါလည်း ဒီသက်တမ်းကုန်နေတဲ့ ကုမ္ပဏီနဲ့လည်း တစ်ခါ အလုပ်လုပ်တယ်။ နောက်တစ်ခုကျတော့ မြန်မာမြေဆောက်လုပ်ရေးကုမ္ပဏီသည် ကုမ္ပဏီစာရင်းမှ ပယ်ဖျက်ပြီးသော ကုမ္ပဏီ ဖြစ်ကြောင်း တွေ့ရှိရပါသည်ဆိုတော့ ကုမ္ပဏီ ၃ ခုစလုံးဟာ သူတို့ ပြောမယ်ဆိုလို့ရှိရင်တော့ လက်ရှိကုမ္ပဏီမဟုတ်တော့တဲ့၊ ဆောက်လုပ်ရေးကုမ္ပဏီမဟုတ်တဲ့ဟာတွေနဲ့ ဒီအဆောက်အဦတွေကို အပ်ပြီးတော့မှ ဒီဟာကို ခိုင်းထားတယ်။ ပြီးချိန်ကျတော့လည်း မပြီးဘူး။ နောက်ကျတော့လည်း နိုင်ငံတော်ကိုပေးစရာရှိတဲ့ပိုက်ဆံတွေကိုလည်း မသွင်းဘူးဆိုတာ့ ဒါက သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ထားတာပေါ့နော်။

အဲဒီကျတော့ ဒါတွေကတော့ အခုလို ကျွန်မတို့ တရားဥပဒေစိုးမိုးရေးဆိုတာကို အော်ပြီးတော့ သွားနေတဲ့အချိန်မှာ နောက်ပြီးတဲ့အခါကျတော့ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးတွေရော၊ အဂတိ လိုက်စားရေးတွေရော အတိအကျ ဆောင်ရွက်နေတဲ့အချိန်မှာ နောက်တစ်ခါ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဆိုတာကို အော်နေတဲ့၊ ဆောင်ရွက်နေတဲ့အချိန်မှာ ဒီငွေကြေးတွေဟာ ကျွန်မတို့ တခြားနေရာမှာ သုံးလိုက်လို့ရှိရင် အများကြီး အထောက်အကူ ပြုလာနိုင်တဲ့အခြေအနေရှိပါတယ်။ ဒါကတော့ ဒီကုမ္ပဏီ ၃ ခုနဲ့ပတ်သက်တဲ့ဟာ နောက်တစ်ခုက အခွန်တွေ ပေးဆောင်တာနဲ့ပတ်သက်ပြီးတော့လည်း အခွန်တွေက

အခွန်မပေးဘူးမဟုတ်ဘူး၊ အခု နောက်ပိုင်းမှာ အခွန်ပေးဆောင်တာနဲ့ပတ်သက်လို့ အားလုံးပေါင်း သူတို့ ဆောင်ရွက်စရာရှိတဲ့ ဝင်ငွေခွန် အမြတ်ခွန် တံဆိပ်ခေါင်းခွန် စသဖြင့် အမှုပေါင်း အားလုံးပေါင်း (၇၇၃) ခု မှာ (၂၀၂) ခုကို ကော်မရှင်အနေနဲ့ (၂၀၂) ခုကို ဆောင်ရွက်လိုက်တဲ့အခါကျတော့ အားလုံးပေါင်း ကျပ်သန်းပေါင်း (၅၅၉၅.၆၄၅) ရပြီးတော့ တံဆိပ်ခေါင်းခွန်ကတော့ (၅၉၆.၇၉၉) ရတယ်။ စုစုပေါင်း ကျပ်သန်းပေါင်း (၆၀၀၀) ကျော်ရတယ်။ နောက် ကော်မတီအနေနဲ့ကတော့ သူက အားလုံးပေါင်း (၈၃၁)ခု အမှုပေါင်းက သို့သော်လည်း (၂၃၉) ခု ရှင်းလိုက်တဲ့အခါမှာ အခွန်ဆောင်တဲ့ဟာ ဆိုလိုက်တဲ့အခါကျတော့ အားလုံးပေါင်း (၁၅၆၈၀.၇၆၁) ကျပ်သန်းပေါင်း သူက ရတယ်။ အဲဒီတော့ ဒီလို ရတဲ့အခွန်တွေ အဲဒီ (၂၀၀) ကျော်လေးတောင်မှပဲ ဒီလောက်ရတယ်ဆိုလို့ရှိရင် ရှိနေတဲ့ အမှုပေါင်း (၇၀၀) ကျော် နောက်အမှုပေါင်း (၈၀၀) ကျော် အားလုံးများ ရလိုက်တယ်ဆိုလို့ရှိရင်တော့ မှန်မှန်ကန်ကန် ရလိုက်တယ် ဆိုလို့ရှိရင်တော့ တော်တော်လေးကို နိုင်ငံတော်အတွက် နိုင်ငံသားတွေအတွက် နိုင်ငံတော်ကနေပြီး ပြန်လည်ပြီးတော့ ဆောင်ရွက်ပေးနိုင်မယ့် အခြေအနေတွေ အများကြီး ရှိပါတယ်။ အခြေအနေ ပိုမိုကောင်းလာစရာ အများကြီး ရှိပါတယ်။

နောက်တစ်ခုက ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ မှာတော့ ပြည်ထောင်စု အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်လို့ ပါပါတယ်။ ဒါကတော့ ပြည်ထောင်စုအစိုးရနဲ့ပတ်သက်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာထဲကိုက ပါထားတဲ့ သူတို့ကို ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်ပါ။ နောက်တစ်ခါ ၂၂၄ မှာကျတော့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့ လက်အောက်ရှိ အစိုးရဌာန အစိုးရအဖွဲ့အစည်းများက လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖြစ်စေရန် လည်းကောင်း၊ စီမံခန့်ခွဲခြင်း လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း ပြုရမည်လို့ ပါပါတယ်။ အဲဒီဟာကိုသာ လိုက်နာတယ်ဆိုရင် စောစောက ကျွန်မ ဖတ်သွားပြီးတဲ့ Construction ကုမ္ပဏီ ၃ ခု တကယ်တော့လည်း အဲဒီအတိုင်း ကြည့်လိုက်မယ်ဆိုလို့ရှိရင် တကယ်ကို ဆောက်လုပ်ရေးကုမ္ပဏီ မဟုတ်တဲ့ဟာတွေနဲ့ စာချုပ် ချုပ်ပြီးမှ ငွေပေးထားတဲ့ ကိစ္စတွေသည် ဒီ ၂၂၄ နဲ့ လုံးဝ မညီတဲ့ သဘောတရား ရှိတဲ့အပြင် သက်ဆိုင်ရာကလည်း သူကနောက်ကနေပြီးတော့ Check မလုပ်တဲ့သဘော၊ မစစ်ဆေးတဲ့ သဘော တွေကို ကျွန်မတို့က တွေ့နေရတာ ဖြစ်ပါတယ်။

နောက်တစ်ခါ ပုဒ်မ ၂၂၈ မှာကျတော့ ပြည်ထောင်စုအစိုးရသည် (က)မှာ ပြည်ထောင်စု လွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည် အစီရင်ခံရမည်။ ဒါက ပြည်ထောင်စုလွှတ်တော်နဲ့ ကျွန်မတို့ အုပ်ချုပ်ရေးနဲ့ (၂)ခုသိပြီးတော့မှ ဆောင်ရွက်တဲ့ဟာတွေကို သူက ပြဋ္ဌာန်းချက်နဲ့ သတ်မှတ်ပေးထားတာဖြစ်ပါတယ်။ နောက်(ခ)မှာကျတော့ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ အခါအားလျော်စွာ တင်ပြရမည်ဆိုတာကတော့ ဒါကတော့ ပြည်ထောင်စုလွှတ်တော်က သတ်မှတ်လိုက်တဲ့ဟာ မဟုတ် သည့်တိုင် ကျွန်မတို့ နားလည်တာကတော့ နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်ကို အခါအားလျော်စွာ ပြည်ထောင်စုလွှတ်တော်ကို တင်ပြရမယ်။ အခုဟာ ကျွန်မတို့က ပြီးခဲ့တဲ့ ဆဋ္ဌမအကြိမ်မြောက်ကလား၊ အဋ္ဌမ ကလား၊ အဲဒီတုန်းကဟာတောင်မှပဲ မနည်းကိုဘဲ တောင်းပြီးတော့မှ ယူရတဲ့ဟာမျိုး ဆိုလို့ရှိရင်တော့ ဒါက ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ဟာတွေနဲ့လည်း တော်တော်လေးတော့ ကွာခြားတာ တွေ့ရပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံသားတွေအနေနဲ့ကလည်း နိုင်ငံသားတိုင်းဟာ ဤဖွဲ့စည်းပုံ

အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိသည်ဆိုတော့ ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်မှာပဲ ဖြစ်ဖြစ်၊ အုပ်ချုပ်ရေးမဏ္ဍိုင်မှာ ပဲဖြစ်ဖြစ်၊ တရားစီရင်ရေး မဏ္ဍိုင်မှာပဲဖြစ်ဖြစ်၊ အဲဒီအထဲမှာ မပါတဲ့ ပြည်သူလူထုပဲဖြစ်ဖြစ် ကျွန်မတို့က ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကိုတော့ ကျွန်မတို့ လေးစားလိုက်နာနေရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ နိုင်ငံတော်၊ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်လို့ အဲဒီလိုပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ကျွန်မတို့ ဒီပြည်သူ့ငွေစာရင်းကော်မတီမှာပါတဲ့ အချက်အလက်တွေအားလုံးကို ကျွန်မကိန်းဂဏန်းတွေတော့ မဖော်ပြတော့ပါဘူး။ ဒါတွေကို တကယ်လေ့လာလိုက်တဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကလည်း ပြောပြီးသား၊ နိုင်ငံသားတာဝန်လည်း ရှိတယ်။ နောက်ပြီးတော့ ကျန်တဲ့ ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ နောက်တစ်ခါကျတော့ အုပ်ချုပ်ရေးမဏ္ဍိုင်တွေရဲ့ တာဝန်တွေလည်း ရှိတယ်။ ရှိတယ်ဆိုတော့လည်း ဒီမှာဆို တော်တော်လေး ဆိုးဆိုးဝါးဝါး ဖြစ်နေတာတွေ ကျွန်မတို့က တွေ့ရပါတယ်။

ဥပမာဆိုလို့ရှိရင် ကျွန်မတစ်ခု၊ နှစ်ခုတော့ ပြောလိုက်ပါအုံးမယ်။ ဒီမှာ ဆပ်ပြာစက်ရုံ အမှတ်(၁)၊ ဒါ စက်မှုဝန်ကြီးဌာနပါ။ ဆပ်ပြာစက်ရုံအမှတ်(၁)၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း၊ မြေဧရိယာ (၃.၂၂၈)ဧက လျှော့နည်းခြင်းအတွက် နုတ်ပယ်ပေးငွေ ဆိုပြီးတော့ ကျပ်သန်းပေါင်း (၂၈၁၀.၉၈၄) ဒီမှာ နုတ်ပယ်ပေး ထားတယ်။ နောက်တစ်ခါ အမှတ်(၂) စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ၊ ရန်ကုန်၏ မြေဧရိယာ (.၀၄၉)ဧက လျှော့နည်းခြင်းအတွက် နုတ်ပယ်ပေးငွေဆိုပြီးတော့ (၇၈.၀၈၇) အဲဒါ နုတ်ပယ်ပေးထားတယ်။ နောက်တစ်ခါကျတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၈၃) မြေနှင့် အဆောက်အဦ ဧရိယာ(၆၇၅၈.၅၁) စတုရန်းပေ လျှော့နည်းခြင်းအတွက် နုတ်ပယ်ပေးခြင်း ဆိုပြီးတော့ ကျပ်သန်းပေါင်း(၁၁၃၈.၈၇၁)ကို နုတ်ပယ်ပြီးတော့ ပေးထားရပါတယ်။ စုစုပေါင်း၊ အားလုံးပေါင်း ကျပ် သန်းပေါင်း(၄၀၂၇.၀၇၁) ဒါတွေဟာ တကယ်တော့ လုံးဝကို ဘာခေါ်မလဲဆိုတော့ ကျွန်မတို့အနေနဲ့တော့ လုံးဝကို လက်သင့်ခံနိုင်စရာ မကောင်းတဲ့ အခြေအနေ၊ ယုတ္တိမရှိတဲ့ အခြေအနေလို့ တွေးထင်ပါတယ်။

သို့သော်လည်း သက်ဆိုင်ရာ ကာယကံရှင်တွေ အနေနဲ့ကတော့ သူတို့မှာ ခိုင်လုံတဲ့ အကြောင်းတွေလည်း ရှိချင်ရှိနေမှာပါ။ အဲဒီတော့ ဒီမှာ ကျွန်မတို့ ကော်မတီကနေပြီးတော့ တင်ပြထားတဲ့ ဝေဖန်သုံးသပ်ချက်တွေ ရှိပါတယ်။ ဒီသုံးသပ်ချက်တွေအရဆိုလို့ရှိရင်တော့ ကော်မတီရဲ့ သုံးသပ်ချက်တွေအရဆိုလို့ရှိရင်တော့ ဒီ တာဝန်ခံမှု အားနည်းနေတာကိုလည်း သုံးသပ်ထားတယ်။ နောက်တစ်ခါကျတော့ တချို့ကို ပြန်လည် သိမ်းယူသင့်တယ်လို့လည်း သုံးသပ်ထားတယ်။ တချို့ကျတော့လည်း လိုအပ်သလို ဆက်လက်ပြီးတော့ အရေးယူပါလို့လည်း သုံးသပ်ထားတယ်။ အဲဒီတော့ ဒီသုံးသပ်ချက်တွေဟာ ကျွန်မတို့ ဒါ နောက်ကနေ Check and Balance လုပ်တဲ့အနေနဲ့ ရှေ့ကနေပြီးတော့လုပ်နေတဲ့ဟာတွေ သို့မဟုတ် တစ်ဖက်ကနေ ဆောင်ရွက်နေတဲ့ဟာတွေကိုတစ်ဘက်နေပြီးတော့ စောင့်ကြည့်ပြီးတဲ့အခါကျတော့ ကျွန်မတို့ အခုလို (Check and Balance လုပ်ပြီးတော့ ဝေဖန်သုံးသပ်တဲ့အခါမှာ ဒါက ကိုယ်ဝေဖန်ချင်တိုင်း ဝေဖန်လို့မရဘူး။ သုံးသပ်ချင်တိုင်း သုံးသပ် လို့မရဘူး။

ကျွန်မတို့ နိုင်ငံမှာချထားတဲ့ စည်းမျဉ်းတွေ၊ စည်းကမ်းတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အညီ နောက်တစ်ခါ ကျွန်မတို့နိုင်ငံရဲ့ အခုသတ်မှတ်ထားတဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့ အလုပ်လက်မဲ့လျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျန်တဲ့ တိုင်းနဲ့ ပြည်နယ် အသီးသီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒါတွေဟာ အင်မတန်အရေးကြီးပြီးတော့ ကျွန်မတို့က

ဂရုတစိုက်ဆောင်ရွက်ရမယ့် အချိန်အခါတွေ ဖြစ်တဲ့အတွက် အခု ဒီ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တင်ပြထားတဲ့ အစီရင်ခံစာအပေါ်မှာ သက်ဆိုင်ရာက အလေးအနက်ထားပြီးတော့ သူတို့ရဲ့ အကြံပြုချက်တွေ၊ ဝေဖန်သုံးသပ်ချက်တွေအတိုင်း လိုအပ်သလို ဆက်လက်ပြီး ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံရင်းနဲ့ တိုက်တွန်းရင်းနဲ့ ကျွန်မက ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၉။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်းဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်(၇)ဖြစ်တဲ့ ရေးမြို့နယ် က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။အခု ကျွန်တော်က ဒီ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအစီရင်ခံစာဟာ၊ ဒီ စိစစ်တွေ့ရှိချက်ဟာ ကျွန်တော်တို့ ပြည်သူအတွက်၊ ကျွန်တော်တို့ နိုင်ငံအတွက်၊ ကျွန်တော်တို့ အစိုးရအဖွဲ့အတွက် အများကြီး အကျိုးရှိ ထိရောက်မှာပါ။ ထိရောက်တယ်လို့ပြောရင် ပိုပြီးတော့ သင့်လျော်မှာပါ။ ဒီလို စာရင်းစစ်ဆေးမှု သေသေချာချာ မရှိရင် ကျွန်တော်တို့ လွှတ်တော်ကလည်း ဘာမှသိမှာမဟုတ်ဘူး။ အခု ဒီ စိစစ်တွေ့ရှိချက်မှာ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးသွားတာ အများကြီးရှိတဲ့အတွက်ကြောင့် တချို့နေရာပဲ ကျွန်တော် ထပ်ပြီးတော့ ထောက်ပြ အကြံပြုပါ့မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့၊ ပန်းပဲတန်း၊ ရွှေဘုံသာရဲရိပ်သာ ထပ်မံရောင်းချ မြေနဲ့ အဆောက်အဦအတွက် ၂၀-၆-၂၀၁၃ ရက်နေ့အထိ သန်းပေါင်း (၄၆၈၉.၃၆) သန်း ပေးသွင်းခဲ့ပြီး၊ ထပ်မံပေးသွင်း ငွေမရှိသဖြင့် ကျပ်သန်း(၆၄၂.၆၆၅) ပေးသွင်းရန် ကျန်ငွေ ပေါ်ပေါက်နေပါသည်။ အစီရင် ခံစာမှာ အဲဒီလို ဖော်ပြထားပါတယ်။ အဲဒီတော့ ဒီကျန်ငွေဟာ စာရင်းစစ်အဖွဲ့က မစစ်ဆေးရင် သိမှာမဟုတ်ဘူး။ အဲဒီတော့ အခု ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော်က ပြည်သူ့ငွေစာရင်းကော်မတီအနေနဲ့ကလည်းပဲ ဒါကို အစီရင်ခံတယ်၊ စိစစ်တယ်၊ ဒါပေမဲ့ ဒီနေရာမှာ ဘာလဲဆိုတော့ ဒီလိုပေါ်လာတဲ့ ကိစ္စဟာ ဘယ်လိုကိစ္စမျိုးလဲ၊ ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာ သုံးသပ်ချက်မှာထည့်ဖို့ ကျွန်တော်အကြံပြုလိုပါတယ်။

နောက်ပြီးတော့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်လည်း ဆွေးနွေးသွားပါပြီ၊ ဒီ မြေဧရိယာ မပြည့်လို့ လျှော့လိုက်တဲ့ ငွေဟာ သန်းပေါင်း(၄၀၀၀)ကျော်၊ ဒါ နုတ်ပယ်တယ်ဆို လျှော့ပေးရတယ်။ အဲဒီတော့ ရောင်းချတဲ့စနစ်က ဘယ်လိုစနစ်မျိုးလဲ။ ဒါကျွန်တော်တို့ ပြန်ဝေဖန်စဉ်းစားဖို့ အများကြီးလိုတယ်။ တကယ်လို့ ကျွန်တော်တို့ လေလံတင်ရောင်းမယ်။ ဒီ အဆောက်အအုံ၊ ဒီမြေဆိုတော့ ဈေးခေါ်ကြတယ်။ ဈေးခေါ်ပြီးတဲ့အခါကျတော့မှ အမြင့်ဆုံးဈေးကို ပေးလိုက်တယ်။ နောက်မှ မြေကို ပြန်တိုင်း ပြီးတော့ မြေက ဘယ်နှစ်ဧက၊ ဒသမဘယ်လောက်ဆိုတော့ တစ်နေရာမှာ (၃)ဧကကျော်လျှော့လို့ ဈေးလျှော့ပေးရတယ်ဆိုရင် ဒီ လေလံတင်တဲ့ စနစ်က ဒါ တရားလား၊ ဒါ ကျွန်တော်တို့ ပြန်စဉ်းစားရမယ်။

လေလံတင်ပြီးတော့ ဈေးနှုန်းသတ်မှတ်ပြီးတော့မှ ဆုံးဖြတ်ပြီးတော့မှ လျှော့လိုက်ရတာ၊ ဒီ လေလံတင် စနစ်က ဒီ လေလံတင်ခြင်းဟာ မှန်ကန်မှု ရှိသလား။ ဒါ စဥ်းစားစရာ အများကြီးရှိတယ်။

နောက်ပြီးတော့ ဒီ အခုက ဒီမြေတွေဟာ တောမှာရှိတဲ့ မြေမဟုတ်ဘူး။ မြေစာရင်းဌာနက သွားလို့ မရောက်ပေါက်တဲ့ တောကြို၊ တောင်ကြားမှာ နယ်စပ်ဒေသမှာရှိတဲ့ မြေမဟုတ်ဘူး။ မြို့ထဲမှာ ရှိတဲ့ မြေ၊ဒီလိုဟာမျိုးက မြေစာရင်းဌာနမှာ အတိအကျရှိနေတယ်။ မြေပုံနဲ့ တကွ အတိအကျရှိတယ်။ အဲဒီတော့ ဒီမြေပျောက်သွားတာ၊ လျော့သွားတယ်ဆိုတာ ဒီမြေဘယ်ရောက်သွားသလဲ၊ ဒီဧရိယာ ဘယ်ရောက် သွားသလဲ၊ ဒါလည်း တစ်ချက်၊ ခုနတုန်းက ဒီ လေလံတင်ရောင်းတဲ့ ဥစ္စာ တရားမျှတမှု ရှိ/မရှိ၊ ထုံးစံအတိုင်း ပြောရမယ်ဆိုရင် ဒီ အဆောက်အဦနဲ့ ဒီမြေကို ဝယ်မယ်ဆိုရင်၊ အဲဒီ ဈေးနှုန်းဖြတ်ထားပြီးရင် အဲဒီဈေးနှုန်း အတိုင်း ဖြစ်သင့်တယ်။ ဟာ ပြန်တိုင်းကြည့်လို့ မပြည့်ဘူးဆိုရင် ဒါ လျှော့ပေးရတယ်ဆိုတဲ့ ဥစ္စာဟာ ဒါ အချင်းချင်းနားလည်မှုရှိလို့ လုပ်လို့ရတဲ့ ကိစ္စမျိုးဖြစ်တယ်။ ဒါတစ်ခု ကျွန်တော့်အနေနဲ့ ဒါကို ပြန်လည် သုံးသပ်နိုင်ဖို့အတွက် တင်ပြခြင်း ဖြစ်ပါတယ်။

နောက်ပြီးတော့ ဒီအခု ရောင်းတယ်။ ဝယ်တယ်၊ ဒီလိုကိစ္စမျိုးဟာ တကယ်လို့ ကိုယ်ကျိုး ကြည့်ကြမယ်ဆိုရင် ကိုယ်ကျိုးအတွက် လုပ်လို့ရတဲ့ လုပ်ငန်းတစ်ခု၊ အလုပ်တစ်ခု၊ အလုပ်ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က ဒီ ပြည်သူ့ငွေစာရင်းကော်မတီကို အကြံပြုလိုတာက ဘာလဲ ဆိုတော့ အကြံပြုချက်မှာပဲ ဖြစ်ဖြစ်၊ စာရင်းစစ်အဖွဲ့နဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့တို့ တက်ညီ လက်ညီတွဲဖက်အလုပ်လုပ်ဖို့၊ တက်ညီလက်ညီ အလုပ်လုပ်ဖို့နဲ့ ကျွန်တော်တို့လွှတ်တော်ရဲ့ ပြည်သူ့ငွေစာရင်း ကော်မတီနဲ့ ညှိနှိုင်းမှုရှိဖို့ ဒါကိုအကြံပြုလိုပါတယ်။ အခုလို အကြံပြုဆွေးနွေးခွင့်ရတဲ့ အတွက်ကြောင့် အထူးကျေးဇူးတင်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးနု (အတွင်းရေးမှူး၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံ စာကို လွှတ်တော်က သဘောတူလက်ခံပေးပါရန် ကျွန်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ အတွင်းရေးမှူး၊ ဦးနု က လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ အစည်းအဝေးကို နေ့လယ် ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]